# ရှမ်းပြည်နယ်အတွင်း ပြောင်းနှင့်စပါးသီးနှံများတွင် ကျရောက်လျှက်ရှိသော ငမြှောင်တောင်ပိုးများအား ဓာတ်ခွဲခန်းအတွင်း အမျိုးအစားခွဲခြားခြင်းလုပ်ငန်းများဆောင်ရွက်မှုအခြေအနေ

**(၁၁.၉.၂၀၁၈)**

မြန်မာနိုင်ငံ၊ ရှမ်းပြည်နယ်မြောက်ပိုင်း ကျောက်မဲမြို့နယ်(ခိုက်တုန်ဟုန်းကျေးရွာ)၊ သီပေါမြို့နယ်(မိုင်းလင်းကျေးရွာ)၊ သိန်းနီမြို့နယ်(ပန်ခမ်းကျေးရွာ၊ မိုင်းပါးကျေးရွာ၊ နောင်တော်ကျေးရွာ)၊ လားရှိုးမြို့နယ်(လွယ်လန့်ကျေးရွာ၊ နမ့်ပုတ်ကျေးရွာ၊ မာန်အိုင်ကျေးရွာ)များရှိ ပြောင်းခင်းများနှင့်စပါးခင်းများသို့ ကွင်းဆင်းစစ်ဆေးခြင်းနှင့်ပညာပေးလုပ်ငန်းများကို သီးနှံကာကွယ်ရေးဌာနခွဲ(ရုံးချုပ်)မှ ဝန်ထမ်းများသည် (၂၉-၃၁/ ၈/၂၀၁၈)ရက်များအတွင်းဆောင်ရွက်ခဲ့ပြီး အဆိုပါခရီးစဉ်မှကောက်ယူစုဆောင်းခဲ့သည့်ဖျက်ပိုးရုပ်ဖုံးများကိုအမျိုးအစားခွဲခြားရန်သီးနှံကာကွယ်ရေးဌာနခွဲဓာတ်ခွဲခန်းတွင် ဆက်လက်မွေးမြူခဲ့ပါသည်။ အဆိုပါပိုးရုပ်ဖုံးများမှ ထွက်ရှိလာသော ဖလံအကောင်ကြီးအများစုမှာ ယခင်မြန်မာနိုင်ငံအတွင်းရှိပြီးသော ငမြောင်တောင်အုပ်စုဝင် စပါးနှံဖြတ်ပိုး (Northern Armyworm, Oriental Armyworm or Rice Ear-Cutting Caterpillar *Mythimna separata* (Lepidoptera: Noctuidae) ဖြစ်ကြောင်း အတည်ပြုသတ်မှတ်ပါသည်။



စိုက်ခင်းအတွင်းရှိ **ပိုးလောက်ကောင်**




စိုက်ခင်းရှိ **ပိုးရုပ်ဖုံးများ** နှင့် ဓာတ်ခွဲခန်းအတွင်းမွေးမြူထားသော **ပိုးရုပ်ဖုံးများ**




ဓာတ်ခွဲခန်းအတွင်း မွေးမြူခြင်းမှ ထွက်ရှိလာသော **အရွယ်ရောက်ဖလံပိုး**